ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်/ မြန်မာနိုင်ငံ

AA နှင့် တပ်မတော် တိုက်ပွဲများနှင့်ဆက်နွယ်သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို တုံ့ပြန်ကူညီခြင်း

(၂၀၂၂) ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ

AA နှင့် တပ်မတော်တို့ကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် (၂၀၂၃) ခုနှစ်၊ ဇန်နဝါရိလ ၅ ရက်နေ့အထိ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၁) မြို့နယ်တို့တွင် လူဦးရေ (၇၇၅၀၁) နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် လူဦးရေ (၉၀၅၉) ၊ စုစုပေါင်း လူဦးရေ (၈၆၅၆၀) သည်နေရပ်စွန့်ခွာ နေကြရပြီး မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ မြေပုံ၊ မင်းပြား၊ မောင်တော၊ ရသေ့တောင်၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း ၊ ပေါက်တော နှင့် ပလက်ဝမြို့နယ်တို့တွင် အသစ်ထပ်မံနေရပ်စွန့်ခွာရသူ လူဦးရေ (၁၅၅၄၃) ဦးအပါအဝင်ဖြစ်သည်။ UNHCR သည် အခြားသော UN အဖွဲ့အစည်းများ၊ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲလျက် အဆိုပါလူသားချင်းစာနာမှုလိုအပ်ချက်များကို တုန့်ပြန်ကူညီနေပြီး ထိခိုက်ခံစားခဲ့ရသူ လူထုတို့အား အထောက်အပံ့များကို ဆက်လက်ထောက်ပံ့နေသည်။

(၂၀၂၂) ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိတွင် မြောက်ဦး၊ မြေပုံ၊ ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ပေါက်တော၊အမ်း၊ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ တိုက်ပွဲရှောင်လူဦးရေ (၃၃၁၂၄) ဦးထံ အဓိက ပြန်လည် ထူထောင်ရေး အထောက်အပံ့များ၊ အရေးပေါ်အမိုးအကာအထောက်အပံ့များ၊ အမျိုးသမီးသုံး ပစ္စည်းထုပ်များနှင့် ပြန်လည်လျော်ဖွပ်အသုံးပြုနိုင်သည့် အဝတ်စ မျက်နှာ၊ နှာခေါင်းစည်းများ ဖြန့်ဝေထောက်ပံ့ခဲ့သည်။

ကွင်းဆင်းလေ့လာမှု၊ ထောက်ပံ့မှုတို့ အကြိမ်ပေါင်း (၁၀၅) ရှိခဲ့ပြီး တစ်ချို့သော တိုက်ပွဲရှောင်စခန်းများ၊ အထူးသဖြင့် ဝေးလံကျေးလက်မှစခန်းများကို လက်လှမ်းမမှီနိုင်မှုမှာ အကန့်အသတ်ရှိနေဆဲဖြစ်ပြီး COVID-19 ဖြစ်ပွားနေသည့်အခြေအနေကြောင့်လည်း ပိုမိုခက်ခဲနေသည်။

ဇန်နဝါရီလမှ - ဒီဇင်ဘာလ အတွင်း ထောက်ပံ့မှုဆိုင်ရာ အဓိကအချက်များ

ထောက်ပံ့ခဲ့သည့် လူဦးရေ

33,124 ဦး

7,797 အိမ်ထောင်စု

ထောက်ပံ့ခဲ့သည့် နေရပ်စွန့် ခွာ စခန်းပေါင်း

118 ရခိုင်ပြည်နယ်ထဲရှိ ကူညီထောက်ပံ့ခဲ့သောနေရပ်စွန့်ခွာ စခန်းများ

(မြောက်ဦး၊ မြေပုံ၊ ကျောက်တော်၊မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ပေါက်တော၊အမ်း၊ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များ)



ဤဖော်ပြပါ မြေပုံတွင် အသုံးပြုထားသော နယ်နမိတ်အကျယ်အဝန်းများ၊အမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမ္မဂမှ တရားဝင် အတည်ပြုထားခြင်း သို့မဟု ဂ် လက်ခံထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

NFI (၂၀၂၂) ခုနှစ်အတွင်း လူဦးရေ (28,133) ဦးသည် အဓိက ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ရရှိခဲ့သည်။

- 26,810 မျက်နှာ၊ နှာခေါင်းစည်း
- 11,626 အခင်းဖျာ
- 8,147 ခြံစောင်
- 9,127 ခြင်ထောင်
- 5,913 ရေပုံး
- 3,915 အိုးခွက် ပန်းကန် ထုပ်
- 3,098 အမျိုးသမီး သုံးပစ္စည်း
- 3,659 အဝတ်အစားထုပ်
- 2,043 ဆိုလာမီးအိမ်
- 1,042 တစ်ကိုယ်ရေ သုံးပစ္စည်း
- 1,019 အနွေးထည်
- 40 ကလေးသုံးပစ္စည်း
- 2,766 သောက်ရေဗူး

ယာယီအမိုးအကာ အထောက်အပံ့အဖြစ် 16,946 ဦးကို ၂၀၂၂ ခုနှစ်မှာ ထောက်ပံ့ခဲ့

- 763,250 ဝါး
- 75,773 နိုင်လွန်ကြိုး
- 62,522 သစ်၊ မျောတိုင်
- 4,252 မိုးကာ(တာလပတ်စ)

မိတ်ဘက် အဖွဲ့များ nRS : (ပူးပေါင်းအဖွဲ့) MI, UNICEF, UNFPA cRS: IRC, IOM, LWF, PIN, RI

အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ ဒိန်းမတ် ဥရောပသမဂ္ဂ၊ ပြင်သစ် ဂျာမနီ အိုင်ယာလန် အီတလီ ဂျပန် နယ်သာလန် နော်ဝေ ဆွီဒင် ဆွစ်ဇာလန် ယူနိုက်တက်ကင်းဒမ်း၊ CERF တို့မှ ရက်ရောစွာ ပံ့ပိုးကူညီမှုအတွက် UNHCR မှ ကျေးဇူးတင်ရှိပါသည်။

 myasiim@unhcr.org သို့ လိပ်မူအကြံပြုနိုင်ပါသည်။